# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# ၃၇ ရက်မြောက်နေ့ အစီအစဉ်

# ၁၉ – ၁၀ – ၂၀၁၁ (ဗုဒ္ဓဟူးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၇ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း နှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်း နှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးဝင်းမြင့်၊ မြင်းခြံ မဲဆန္ဒနယ်၏ **"မြင်းခြံ–တောင်သာလမ်းပိုင်း တောင်သာချောင်းပေါ်တွင် တံတားတစ်စင်းဆောက်လုပ်ပေးရန်"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးကျင်ဝမ်း၊ ဟိုပန် မဲဆန္ဒနယ်၏ **"သိန္နီမှချင်းရွှေဟော် အထိ လမ်းပိုင်းကို အဆင့်မြှင့်တင်ရန်"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးငွေးလွင်(ခ)ဦးဒီလုံး၊ နမ့်စန် မဲဆန္ဒနယ်၏ **" B.O.T စနစ်ဖြင့် လမ်းပိုင်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့်ကိစ္စ"**နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးသောင်း၊ မော်လိုက် မဲဆန္ဒနယ်၏ **"မော်လိုက်–ကလေးဝလမ်းကို နွေ၊မိုး၊ဆောင်း သွားလာနိုင်သောကတ္တရာလမ်းဖောက်ပေးရန်"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

( င ) ဦးသောင်း၊ မော်လိုက် မဲဆန္ဒနယ်၏ **"မြို့ပတ်လမ်းနှင့် ကမ်းနားလမ်းကို ကတ္တရာ/ကွန်ကရစ်လမ်းခင်းပေးရန်"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

( စ ) ဦးရဲထွဋ်ဦး၊ နတ်တလင်း မဲဆန္ဒနယ်၏ **"နတ်တလင်း–တာပွန် ဂဝံလမ်းအား ပြန်လည်ပြုပြင်ပေးရန်"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

( ဆ ) ဦးဝင်းမြင့်၊ ပြည် မဲဆန္ဒနယ်၏ **" မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန "** နှင့်စပ်လျဉ်းသည့်မေးခွန်း။

( ဇ ) ဦးအောင်စိန်၊ မာန်အောင် မဲဆန္ဒနယ်၏ **" ရခိုင်ပြည်နယ်ရေထွက်ပစ္စည်းများကို အခွန်နှစ်ထပ်ပေးဆောင်နေရခြင်းမှ ကင်းလွတ်ခွင့်ပြုရန် "** နှင့် စပ်လျဉ်းသည့်မေးခွန်း။

( ဈ ) ဒေါ်ဇာတလဲမ်း၊ ထန်တလန် မဲဆန္ဒနယ်၏ **"ထန်တလန်မြို့အား နယ်စပ်ကုန်သွယ်ရေးမြို့အဖြစ်သတ်မှတ်ပေးရန်"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **" မြန်မာနိုင်ငံတော် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေကြမ်း "** နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၇ ရက်မြောက်နေ့ ရပ်နားကြောင်း နှင့် အစည်းအဝေး ၃၈ ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။